၂၀၂၄ ခုနှစ်၊ စက်တင်ဘာ(၈)ရက်မှ (၁၄)ရက်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



စဉ်	ပြည်နယ်နှင့် တိုင်းဒေသကြီး	ကျူးလွန်သည့် အကြိမ်ရေ	မှတ်ချက်
၁	စစ်ကိုင်း	၃	
၂	တနင်္သာရီ	၁	
၃	ရန်ကုန်	၂	
၄	ဧရာဝတီ	၇	
၅	မန္တလေး	၂	
၆	မကွေး	၄	
၇	ရှမ်း	၃	
၈	ကချင်	၃	
၉	ချင်း	၂	
၁၀	ပဲခူး	၁	
၁၁	ရခိုင်	၁	
	စုစုပေါင်း	၂၉	

စက်တင်ဘာလ (၈)ရက်နေ့မှ (၁၄)ရက်နေ့အတွင်း စစ်အာဏာရှင်တပ်သားများက မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ် နှင့် ရခိုင်ပြည်နယ် တို့တွင် လေကြောင်းအသုံးပြု ဗုံးကြဲ တိုက်ခိုက်ခြင်းများ ပြုလုပ် ခဲ့သည်။ စစ်အာဏာရှင်တပ်သားများက မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်း ကြီးမြို့နယ်တို့မှ ပြည်သူများကို လူသားဒိုင်းအဖြစ် ဖမ်းဆီး ခြင်းများ ပြုလုပ်ခဲ့သည်။ ကချင်ပြည်နယ် ဖားကန့်မြို့ နယ် တွင် စစ်အာဏာရှင်တပ်သားများက ပြည်သူ (၃၀)ကျော်ကို အစုလိုက်အပြုံလိုက် ဖမ်းဆီး သတ်ဖြတ် ခဲ့သည်။ စစ်အာဏာရှင်တပ်သားများက စစ်မှုထမ်းရန်အတွက် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးမှ ပြည်သူ များကို အတင်းအဓမ္မဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ (၈)ရက်မှ (၁၄)ရက်အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ



စဉ်	လူ့အခွင့်အရေး ချိုးဖောက်ခဲ့သည့် နည်းလမ်းများ	အကြိမ်ရေ
၁	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း	၈
၂	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း	၆
၃	လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း	၄
၄	ဖမ်းဆီး ညှင်းပန်းနှိပ်စက်ခံရခြင်း	၁
၅	ဗုံးကြဲတိုက်ခိုက်ခြင်း	၆
၆	ဖမ်းဆီးခံရခြင်း	၅
၇	ငွေကြေးတောင်းခံခြင်း	၂
၈	အာဏာပြ ခြိမ်းခြောက်ခြင်း/ အမိန့်ထုတ်ပြန်ကြော်ငြာခြင်း	၂
၉	ဖမ်းဆီးခေါ်ဆောင်သွားခံရပြီးနောက် သေဆုံးခြင်း	၁
၁၀	ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ပျက်/ဖျက်ဆီးခြင်း	၂
၁၁	နေရပ်ဒေသ စွန့်ခွာရခြင်း	၁
၁၂	လေကြောင်းအသုံးပြုခြင်း	၆
၁၃	အသက်မပြည့်သော ကလေးများ သေဆုံးခြင်း	၃
၁၄	ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ပျက်/ဖျက်ဆီးခြင်း	၄
၁၅	အသက်မပြည့်သော ကလေးများ ထိခိုက်ခြင်း	၁
၁၆	လူသားဒိုင်း ပြုလုပ်ခြင်း/ဓားစာခံအဖြစ် ဖမ်းဆီးခြင်း	၁
၁၇	ပြည်သူပိုင်ပစ္စည်းများသိမ်းယူခြင်း/ခိုးယူခြင်း	၁

စစ်အာဏာရှင်တပ်သားများ၏ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်မှုကြောင့် တပတ်အတွင်း ပြည်သူ (၃၀)ကျော် သေဆုံးခဲ့ပြီး (၁၀)ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ စစ်အာဏာရှင်တပ်သားများ အတွင်း ပြည်သူ (၅၀)ကျော်ကို ဖမ်းဆီးခဲ့ရသည်။

Spring Archive မှ သတင်းမီဒီယာများ

Share

made with infogram